# နွေဦးအသံ

the voice of spring

23.4.2021 · Friday · No . 18 · Daily News Pamphlet

## NUG အစိုးရအဖွဲ့ ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန ပထမဦးဆုံးအကြိမ်အစည်းအဝေးပြုလုပ်ခဲ့ပြီး ပထမ(၆)လစာ လုပ်ငန်းစဉ် စီမံချက်များကို အတည်ပြုရေးဆွဲခဲ့ကြကြောင်းသိရ

သတင်းတို

ရင်းမြစ် – NUG မှ

## NLD အစိုးရကာလ၌ တိုင်းရင်းသားဒေသအချို့နှင့် ရိုဟင်ဂျာအရေး အသံမမြှင့်တင်နိုင်ခဲ့ရသည့်အပေါ် NUG အမျိုးသမီးနှင့်ကလေးသူငယ် ရေးရာဝန်ကြီးဒေါ်စူစန်နာလှလှစိုးက တောင်းပန်စကားပြောကြားခဲ့

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## ဗိုလ်မှူးညွန့်နိုင် CDM ပါဝင်ပြီး KNU တပ်မဟာ(၁)ထံ ခိုလှုံခဲ့

သတင်းတို

ရင်းမြစ် – DVB မှ

## အောက်ခြေဝန်ထမ်း CDM သမားတွေကို အဆုံးထိကူညီပေးကြဖို့ ဆရာဝန်တဦးတိုက်တွန်း

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## စစ်အာဏာလုမှုမှဖြစ်ပေါ်ခဲ့သော မြန်မာ့အကျပ်အတည်း ပိုမိုဆိုးဝါးလာပြီး စားနပ်ရိက္ခာ မဖူလုံမှုက လာမည့်(၃)လအတွင်း လူသန်းနှင့်ချီ၍ အငတ်ဘေး ကြုံရနိုင်ဟု ကုလပြော

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

# NUG ကို ကြိုဆိုထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ အရှိန်မပြတ် ပြုလုပ်ခဲ့ကြ

## မြန်မာ့အရေးအာဆီယံထိပ်သီး အစည်းအဝေးပွဲဖိလစ်ပိုင်သမ္မတ တက်ရောက်မည်မဟုတ်ဟုသိရ

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ




ဧပြီ ၂၂ ရက်၊ ဖားကန့်မြို့၌ ချီတက်ဆန္ဒဖော်ထုတ်ခဲ့သည့် အေးသာယာသပိတ်ကိုတွေ့ရစဉ် -(ဓါတ်ပုံ – CJ )

## မြန်မာ့ပုလဲနှင့်သစ်လုပ်ငန်းကို US က ထပ်မံပိတ်ဆို့အရေးယူခဲ့

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## ဖမ်းဆီးခံအမျိုးသမီးငယ်များ ရွှေပြည်သာစစ်ကြောရေး၌ ပြင်းထန်စွာနှိပ်စက်ခံနေရ

သတင်းတို

ရင်းမြစ် – RFA မှ

## မုံရွာသပိတ်ခေါင်းဆောင်ကိုဝေမိုးနိုင်ကို လူသတ်မှု ပုဒ်မ(၃၀၂)နှင့်ပါ မတရားစွပ်စွဲထားဟုသိရ

သတင်းတို

ရင်းမြစ် – နွေဦးအသံ မှ

## မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ ရပ်ကွက်များ၌ အကြမ်းဖက်စစ်အုပ်စုမှ ညဘက် ဝင်ရောက်ပစ်ခတ်ခဲ့

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## ကျောက်ဆည်၊ လက်ပံကျေးရွာ၌ CRPH အဖွဲ့ဝင်များကို ဝင်ရှာရင်း စစ်အုပ်စုက ပစ္စည်းများလုယက်ခဲ့

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## တလအတွင်း အကြမ်းဖက်စစ်အုပ်စုစခန်းများ (၁၀)ခုထက်မနည်း KIA သိမ်းပိုက်နိုင်ခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားး၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်း မှတ်စု

ဧပြီလ (၂၂) ရက်၊ ၂၀၂၁

- မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားများထံ နှစ်ရှည်ချေးငွေများ အပါအဝင် ချေးငွေများအားလုံးကို အမြန်ဆုံး ပြန်ဆပ်ဖို့ ဖိအားပေးတောင်းခံနေကြောင်းသိရ။
- စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ကပိုင်ကျေးရွာရှိ ရွာသားတွေများက တူမီးသေနတ် ၁၅၀ ခန့် စစ်အုပ်စုကို အပ်နှံပါက ကျေးရွာကနေ ထွက်သွားမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့ပြီး ရွာသားများက ငြင်းဆိုခဲ့ရာ စစ်အုပ်စုမှ လှည့်ပတ်အကြမ်းဖက် ပစ်ခတ်နေသည့်အတွက် ရင်ပေါင်တိုင်၊ ဆင်စွယ်၊ မောက်လုပ်၊ အထက်ငနန်း၊ အောက်ငနန်း အပါအဝင် အနီးဝန်းကျင်ရှိရွာများမှ ဒေသခံများပါ ရွာလုံးကျွတ် နေရပ်စွန့်ခွာထွက်ပြေးနေရကြောင်းသိရ။
- မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ည ၇ နာရီကျော်ခန့်တွင် ဆီဘောက်ဆာ ယာဥ်မောင်းတစ်ဦးကိုခြေမြန်တပ်ရင်း(၃)က အကြောင်းမဲ့ ပစ်သတ်လိုက်ကြောင်း သိရ။
- မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့ရှိ နာရီစင်အနီး၌ မနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ဟုသိရ။
- ကချင်ပြည်နယ်၊ ဗန်းမော်မြို့ရှိ ပုဂ္ဂလိကဆေးရုံ (၂) ခုအား လိုင်စင်ပိတ်သိမ်းမည်ဟုကြေညာခဲ့။
- CDM လုပ်ရှားမှုမှာ ပါဝင်သည့် ရေနံမြေလုပ်သား ၁၂၀၀ ကျော်ကို ပုဒ်မ (၅၀၅) ကနှင့် အရေးယူမည်ဟု ခြိမ်းခြောက်။
- ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများက လက်ရှိ မြန်မာ့အရေးအား နှုတ်ဆိတ်နေသည့် Nippon Foundation ဥက္ကဌ Mr.Sasa-kawa ကို ဂျပန်နိုင်ငံတိုကျိုမြို့ရှိ Nippon Foundation ရုံးအရှေ့၌ ဆန္ဒဖော်ထုတ်ခဲ့ကြ။
- ထိုင်းဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာသည် လာမည့်စနေနေ့တွင် ပြုလုပ်မည့် အာဆီယံ အစည်းအဝေး မတိုင်မီ ဧပြီ ၂၂ ရက်နေ့၌ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ဖုန်းဆက်စကားပြောဆိုခဲ့ရာတွင် ၎င်းအနေဖြင့် အိမ်နီးချင်း မြန်မာနိုင်ငံရှိ လက်ရှိ နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေမိကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်ဟုသိရ။
- ပေါင်မြို့နယ်။ ရန်ကုန်-မင်္ဂလာဒုံမြို့နယ် တို့၌ ပြောက်ကျားသပိတ် ပြုလုပ်၍ ဆန္ဒ ဖော်ထုတ်ခဲ့ကြ။ ဖြူးမြို့နယ်။ ကညွတ်ကွင်းမြို့။ ပုသိမ်မြို့။ မိတ္ထီလာမြို့ တို့၌ အာရုဏ်ဦး သပိတ် ပြုလုပ်ခဲ့ကြ။ မန္တလေး-မြတောင်စစ်ကြောင်း။ ကသာ ခရိုင်- ဗန်းမောက်။ မူဆယ်မြို့ တို့၌ ဆိုင်ကယ်သပိတ် ပြုလုပ်ခဲ့ကြ။
- မကွေး၊ ချောက်မြို့ Gen - X,Y,Z လူငယ်များမှ မြို့အဝင်ဆိုင်းဘုတ်အနီး၌ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ကို ထောက်ခံကြောင်း စာသားချိတ်ဆွဲခဲ့ကြ။
- ရန်ကုန်-သာကေတရှိ ပြည်သူများမှ ကွန်ဒုံးများကို ပူဖောင်းများကဲ့သို့ လေသွင်း၍ အတွင်း၌ မင်းအောင်လှိုင်နှင့်အပေါင်းပါများ၏ ဓါတ်ပုံများနှင့်အတူ လူအဖြစ် မမွေးလာသင့်သောသူများ စာတန်းကပ်ပြီး ကွန်ဒုံးသပိတ်ကို ပြုလုပ်ခဲ့ကြ။
- မန္တလေး၊ အမရပူရ ကျောင်းသား လူငယ်များမှ "သွေးမတိတ် ဆေးသပိတ်"ပြုလုပ်ခဲ့ကြ။ လှိုင်ကော်မြို့ ထေးဒှားလျား နှင့် ဘာဒို ကျေးရွာတို့ ပူးပေါင်းပြီး အမျိုးသားထုသပိတ် ပြုလုပ်ခဲ့ကြ။
- ငါန်းဇွန်မြို့နယ်၊ ဂျိုစံပြ၊ ငွေအင်းလိပ်ဝပ်တော ကျေးရွာများ။ မန္တလေးမြို့ တပ်ပေါင်းစုသပိတ်စစ်ကြောင်း၊ မဟာအောင်မြေမြို့နယ်၊ ရတနာပုံတက္ကသိုလ် သပိတ်စစ်ကြောင်း၊ မြို့သာမြို့။ မြင်းမူမြို့နယ်-ညောင်ရင်းကျေးရွာ။ ကံပေါက်။ ထားဝယ်။ ဖားကန့်- တာမခန်၊ ဟောင်ပါးကျေးရွာ။ မိတ္ထီလာ။ ညောင်ဦးမြို့။ လောင်းလုံးမြို့-ပန္ဒလဲရွာ။ ရေဖြူမြို့နယ်-ကံပေါက်။ ဖားကန့်-ဆိုင်းတောင်ကျေးရွာ။ ရွှေဘိုမြို့။ ဖားကန့်-အောင်မြေကွက်သစ်ကျေးရွာ။ ဒီမော့ဆိုမြို့နယ်- စံပြ (၆)ပိုင်ကျေးရွာ။ မြောင်မြို့နယ်-မကျီးဘုတ်ကျေးရွာ။ မြင်းခြံမြို့။ ကချင်ပြည်နယ်၊ မိုးကောင်းမြို့။ စစ်ကိုင်း-ကလေးမြို့။ ထားဝယ်။ မိုးကုတ်။ ပြင်ဦးလွင်။ လက်ပံတောင်း။ မော်လမြိုင်၊ အင်းစိန်။ ကျိုက်ဒုံမြို့နယ်- ကြိတ်-ကွင်းကလေးကျေးရွာ။ မကွေး-နတ်မောက်မြို့။ ရှမ်းပြည်နယ်-သီပေါ၊ ဟိုပုံးမြို့။ ဒီးမော့ဆို။ ဆားလင်းကြီး-ကံကုန်းကျေးရွာ။ စသည့် မြို့အသီးသီးတို့၌ NUG ပြည်သူ့အစိုးရကို ကြိုဆိုထောက်ခံကြောင်း၊ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ကြောင်း လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် – ခေတ်သစ်၊ဧရာဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၂၁)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၃၉ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၃၃၃၁ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၀၅၉ ဦး

ရင်းမြစ် – အေအေပီပီမှ



ဧပြီ (၂၂) ရက်၊ ဖြူးမြို့နယ်ရှိ လူငယ်များမှ ပြုလုပ်ခဲ့သည့် စစ်ကျွန်ပညာရေးအလိုမရှိ သပိတ်ကို တွေ့မြင်ရစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

ညှော့ စာရင်း တိုင် မယ်ဆို CDM တွေကို အားနာပါ


www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com
နွေဦးအသံ
the voice of spring
23.4.2021 · Friday · No . 18 · Daily News Pamphlet